


VOLUME II, ISSUE 17 29 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် RCSS အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁ |
| ၂ | ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပ | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာပေဗိမာန် ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်မိန့်ခွန်းကောက်နုတ်ချက် | ၇ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး | ၉ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ(မော်စကို)နှင့် အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်တို့သို့ သွားရောက်၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ သင်တန်းသားများနှင့်တွေ့ဆုံ | ၁၁ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Internatoinal Army Games - 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက် | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ တုံ့ပြန်ချက်များအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ပယ်ချ | ၁၅ |
| ၈ | နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် PNLO ဥက္ကဋ္ဌ၊ LDU ဥက္ကဋ္ဌ၊ ALP ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဆက်လက်တွေ့ဆုံဆွေးနွေး | ၁၆ |
| ၉ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး | ၁၈ |
| ၁၀ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား (ဒုတိယအကြိမ်)ကျင်းပ | ၁၉ |
| ၁၁ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ် | ၂၀ |
| ၁၂ | စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ | ၂၁ |
| ၁၃ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ဖွင့်ပွဲအခမ်းအနားတက်ရောက် | ၂၃ |
| ၁၄ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI-The Vaccine Alliance အဖွဲ့အား လက်ခံတွေ့ဆုံ | ၂၄ |
| ၁၅ | (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး | ၂၆ |
| ၁၆ | Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့က ဆုများဆွတ်ခူးရရှိ | ၂၈ |
| ၁၇ | ပြည်တွင်းဆန်လက်ကျန်နှင့်ပတ်သက်၍ ကောလာဟလသတင်းများအပေါ် မီဒီယာများ၏ မေးမြန်းမှုအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ဖြေကြား | ၃၀ |
| ၁၈ | နိုင်ငံခြားငွေဈေးနှုန်းဆွဲတင်နေမှုများ၊ အွန်လိုင်းမှ တရားမဝင်နိုင်ငံခြားငွေများ ရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေး | ၃၁ |
| ၁၉ | လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်လုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော် ပြန်လည် လည်ပတ်လျက်ရှိ | ၃၁ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် RCSS အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၂၉ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က-

- စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။
- ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(R C S S ) အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဖက်ဒရယ်စနစ်ကျင့်သုံးဆောင်ရွက်ရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး၊ ပြည်သူလူထုတို့၏ လူနေမှုဘဝမြှင့်တင်ရေး၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများပပျောက်ရေးဆိုင်ရာများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးခဲ့ရာ ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က-

- နိုင်ငံတော်၏ ပထဝီဝင်အနေအထားအရ အရေးပါမှုနှင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်နေသည့်အခြေအနေများ။
- ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့်နိုင်ငံ အများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ



ဖော်ဆောင် ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ။

- စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ။
- တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး RCSS အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး(၁)စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင် စဝ်ဆောင်းဟန်တို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီရုပ်မြင်သံကြား ၂၉-၈-၂၀၂၂)**

- **စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**
- **ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင် ကျင့်သုံးဆောင်ရွက်ရန်လိုအပ်။**
- **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များပြည့်စုံရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး ပညာတတ်များပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ။**
- **တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ။**

# ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက်တွင် နေပြည်တော်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရေအသုံးချသူများအဖွဲ့ခေါင်းဆောင်တောင်သူများနှင့် အဖွဲ့ဝင်တောင်သူများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် -

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောပြီး စားရေရိက္ခာပေါများသည့်နိုင်ငံ ဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆည်မြောင်းစီမံကိန်းများကို အလေးထား ရင်းနှီးမြှုပ်နှံပေးလျက်ရှိကြောင်း။
- စိုက်ပျိုးရေးဆိုသည်မှာ ရေနှင့်မကင်းသဖြင့် ဆည်ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိအောင်အသုံးချပြီး မိမိတို့၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ပြောင်းလဲလာအောင် ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧက ဖြစ်ထွန်းအောင်မြင်ရန်အတွက် မြေအမျိုး အစားပေါ်မူတည်ပြီး ပျမ်းမျှရေလိုအပ်ချက်မှာ ၅ ဧကပေခန့် ဖြစ်သည့်အတွက် ရေဂါလန်အားဖြင့် ၁၃ ဒသမ ၅ သိန်းဂါလန် လိုအပ်သည်ဟု ပညာရှင်များက ပြောကြောင်း။
- အထူးသဖြင့် နွေရာသီရေခမ်းခြောက်ချိန်၊ ရှားပါးချိန်တွင် ရေကုန်သက်သာစေရန်နှင့် ရေအလေအလွင့်မရှိစေရန်အတွက် နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များကို ကြံဆသုံးစွဲကြရမည်ဖြစ်ကြောင်း။
- ရေပေးဝေသည့်မြောင်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ပြီး ရေပေးဝေမှုစနစ်များ တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာရေသောက်မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group-WUG) များကို ဖွဲ့စည်းခြင်း၊ အဆိုပါအဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ပိုမိုကျယ်ပြန့်အားကောင်းလာစေရန် ရေအသုံးချသူများအသင်း (Water User Association- WUA) အဖြစ်သို့လည်း အဆင့်မြှင့်တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။
- ယခုစနစ်တွင် တောင်သူများကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်ရသည့်အတွက် တောင်သူအချင်းချင်းကြား ရေကြောင့်ဖြစ်ပွားရသည့် ပဋိပက္ခများကင်းဝေးခြင်း၊ ဆည်ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ရေအလေအလွင့်နည်းပါးပြီး ဆည်ရေစိုက်ဧရိယာ ပိုမိုတိုးချဲ့ပေးဝေလာနိုင်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆောင်ရွက်မှု Video မှတ်တမ်းကြည့်ရှုနေမှု**

ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာစေမည်ဖြစ်ကြောင်း။

- နိုင်ငံတော်အနေဖြင့် လာမည့်ရာသီမှစပြီး နွေစပါးဧက ၈ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းဧက ၅ သိန်းကို အကျိုးတူ လယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ အနက်မှ ကျပ်ဘီလီယံ ၂၃၀ မတည်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "**ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်**"ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ပြခန်းများနှင့် ရေစုပ်စက်၊ ရေဖျန်းစက်ကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာများအသုံးပြု၍ သီးနှံများ စိုက်ပျိုးထားရှိမှုများ၊ အမြင့်တင်နှင့် အနိမ့်တင်ရွှေ့လျားဆိုလာစနစ်သုံး ရေတင်စနစ်၊ ရေစီးနှုန်းတိုင်းကိရိယာ Global Water Flow Probe ဖြင့် တိုင်းတာဆောင်ရွက်မှု၊ တူးမြောင်းများ အမျိုးအစားအလိုက် လိုင်နင်စီခြင်း သရုပ်ပြသထားမှုများ၊ ရေထိန်းညှိရေတံခါးများတပ်ဆင်၍ ရေပေးဝေမှု သရုပ်ပြသမှုများနှင့် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

အဆိုပါ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲကာ စိုက်ပျိုးရေပေးဝေမှု လုပ်ငန်းများကို အထောက်အကူပြုစေရန်၊ WUG/WUA များဖွဲ့စည်းပြီး တောင်သူများပူးပေါင်းပါဝင်မှုဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရေအသုံးချသူများအဖွဲ့ခေါင်းဆောင် တောင်သူများနှင့် အဖွဲ့ဝင်တောင်သူ ၂၀၀ ဦး တက်ရောက်ကြပြီး တောင်သူ ၂၅၀ ဦးက Online Virtual ဖြင့် တက်ရောက်ခဲ့ကြပါသည်။

(မြဝတီသတင်းစာ ၂၇-၈-၂၀၂၂)

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောပြီး စားရေရိက္ခာ ပေါများသည့်နိုင်ငံ ဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လယ်ယာသုံးစက်ကိရိယာများဖြင့် ရေဖျန်းကိရိယာများ အသုံးပြု၍ သရုပ်ပြသနေမှုအား ကြည့်ရှုနေမှု

- စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဆည်မြောင်းစီမံကိန်းများကို အလေးထား ရင်းနှီးမြှုပ်နှံပေးလျက်ရှိ။
- အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧက ဖြစ်ထွန်းအောင်မြင်ရန်အတွက် မြေအမျိုးအစားပေါ်မူတည်ပြီး ပျမ်းမျှရေလိုအပ်ချက်မှာ ၅ ဧကပေခန့် ဖြစ်သည့်အတွက် ရေဂါလန်အားဖြင့် ၁၃ ဒသမ ၅ သိန်းဂါလန် လိုအပ်သည်ဟု ပညာရှင်များက ပြောကြားခဲ့။
- ရေပေးဝေသည့်မြောင်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ပြီး ရေပေးဝေမှုစနစ်များ တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ ရေသောက်မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group-WUG)များကို ဖွဲ့စည်းခြင်း၊ အဆိုပါ အဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ပိုမိုကျယ်ပြန့်အားကောင်းလာစေရန် ရေအသုံးချသူများအသင်း (Water User Association-WUA)အဖြစ်သို့လည်း အဆင့်မြှင့်တိုးချဲ့ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိ။
- နိုင်ငံတော်အနေဖြင့် လာမည့်ရာသီမှစပြီး နွေစပါးဧက ၈ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းဧက ၅ သိန်းကို အကျိုးတူလယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ အနက်မှ ကျပ်ဘီလီယံ ၂၃၀ မတည်ထူထောင်ပေးထားပြီးဖြစ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် သီးနှံများအား လှည့်လည်ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေအသုံးချသူများအဖွဲ့ခေါင်းဆောင်တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကူးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဗိမာန် ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် မိန့်ခွန်းကောက်နုတ်ချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေဗိမာန် ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် မိန့်ခွန်းကောက်နုတ်ချက်မှာ-

- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့သည် မြန်မာ့စာပေလောကတွင် အစဉ်အလာ ကြီးမားစွာရပ်တည်ခဲ့တဲ့ စာပေဗိမာန်၏ ၇၅ နှစ်ပြည့် စိန်ရတုတိုင်တဲ့ ရက်ကောင်းရက်မြတ်အချိန်အခါလည်းဖြစ်ပြီး လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ယခင်က အကြောင်းအရင်းများစွာ ရှိနိုင်ခဲ့စေကာမူ ယနေ့ခေတ်၌ "ပညာသည်သာ၊ အခရာ"ဖြစ်သည်ကို ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားကြကြောင်း။
- ခေတ်အစဉ်အဆက်၌ ယခုလို စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရန်၊ ပညာကို မျှဝေပေးနိုင်ရန် နိုင်ငံသူ/နိုင်ငံသား၊ ကမ္ဘာသူ/ကမ္ဘာသားများလက်ထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရန်အတွက် စာအုပ်၊ စာပေတွေကို မိမိတို့လူသားတွေ စတင်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း။
- ခေတ်မီ တိုးတက်လာသည့် နည်းပညာရပ်များ၏အကူအညီနှင့် ကျောက်စာ၊ ပေစာ၊ စာအုပ်၊ အီလက်ထရောနစ်စာရွက်စာတမ်းစသဖြင့် အသွင်သဏ္ဌာန် အမျိုးမျိုးပြောင်းနိုင်ကြပေမယ့် စာအုပ်၊ စာပေဆိုသည့် အနှစ်သာရကတော့ မပြောင်းလဲကြောင်း။
- စာပေဗိမာန်သည်လည်း မြန်မာ့လွတ်လပ်ရေးအကြိုကာလနှင့် လွတ်လပ်ရေးရပြီး ကာလများ၌ မြန်မာ့စာပေတာဝန်နှင့်ပြည်သူလူထုကို အသိပညာဖြန့်ဖြူးရေးတာဝန်များကို အထူးကျေပွန်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်နေသည့် ဂုဏ်ယူဖွယ်ရာ အဖွဲ့အစည်းကြီးဖြစ်ကြောင်း။
- စာပေဗိမာန်ကြီးသည် ပြည်သူလူထုကို ပညာမျက်စိအလင်းပေးရန် ရည်ရွယ်ချက်ဖြင့် လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ် စာစဉ်လုပ်ငန်းတွေကို ပထမဦးစွာဆောင်ရွက်ခဲ့ရာ ၁၉၅၄ ခုနှစ်၌ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁ (က-ကုတ်)ကို စတင်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးတွဲဖြစ်သည့် အတွဲ-၁၅ ကို ထုတ်ဝေနိုင်ခဲ့ကြောင်း။
- ကျောင်းသုံးစာအုပ် ထုတ်ဝေရေးလုပ်ငန်း၊ ဝေါဟာရဘဏ်လုပ်ငန်း၊ နှစ်ငါးဆယ်စာစဉ်များ၊ စာပေဗိမာန်မဂ္ဂဇင်း၊ ပြည်သူ့လက်စွဲစာစဉ်၊ သုတပဒေသာစာစောင်၊ ရွှေသွေးဂျာနယ်တို့ကို ထုတ်ဝေခဲ့တဲ့ ဌာနကြီးလည်းဖြစ်ကြောင်း။
- မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပြုစုထုတ်ဝေမှုလုပ်ငန်းနှင့်အတူ စာပေဗိမာန်ဆုအဖြစ် စာပေဆုတစ်ရပ်တီထွင်ချီးမြှင့်မှုကနေ အနုပညာဆိုင်ရာ စာပေဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသဖြင့် အဆင့်ဆင့်တိုးတက်ချီးမြှင့်နိုင်ခဲ့ပြီး ၂၀၀၁ ခုနှစ်ကစ၍ အမျိုးသား

စာပေတစ်သက်တာဆုကို နိုင်ငံတော်၏ အမြင့်ဆုံးဆု အဖြစ် တီထွင်ချီးမြှင့်ပေးနိုင်ခဲ့သောကြောင့် ယခုချိန်အထိ အမျိုးသားစာပေ တစ်သက်တာဆုရှင် ၃၄ ဦးထိ ရှိနေပြီ ဖြစ်ကြောင်း။

- ယနေ့ အမျိုးသားစာပေဆုရှင်အများစုသည်လည်း စာပေ ဗိမာန်ကပဲ မွေးထုတ်ပေးခဲ့ခြင်းဖြစ်သလို ယခုထွန်းဖောင် ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်းတွဲများ ပြန်လည် တည်းဖြတ် ဖြည့်စွက်ထုတ်ဝေခြင်း ဆောင်ရွက်ခဲ့ရာ ယခု အတွဲ-၁(က-ကုတ်)ကို ခေတ်စနစ်နဲ့အညီ ပြန်လည်ပြင်ဆင် ထုတ်ဝေနိုင်ခဲ့ကြောင်း။
- မိမိအနေဖြင့် ငယ်စဉ်ကတည်းက စာပေဗိမာန်၊ စာကြည့် တိုက်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ယင်းခေတ်က ထုတ်ဝေခဲ့သည့် စာအုပ်၊ စာစောင်တွေကိုလည်း ဖတ်ရှုခဲ့ ရသဖြင့် စာပေများမှရှိခဲ့သည့် အသိပညာဗဟုသုတများ သည် ယနေ့ထက်တိုင် တန်ဖိုးမဖြတ်နိုင်သော စဉ်ဆက် မပြတ် လေ့လာသင်ယူမှုကို ဖြစ်စေခဲ့ကြောင်း။
- လက်ရှိအချိန်ကာလတွင် မြန်မာနိုင်ငံသည် ပြည်သူလူထု ၏ဆန္ဒဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမို ကရေစီစနစ်"ကို လျှောက်လှမ်းနေကြောင်း။
- ဒီမိုကရေစီဟုဆိုရာမှာ မိမိတို့နိုင်ငံ၏အမျိုးသားရေးစရိုက် လက္ခဏာနှင့် ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေသည့် ပညာ ရေးစနစ်မျိုး၊ လေ့လာသင်ယူနိုင်သော အခြေအနေမျိုးတွေ ကို ဖန်တီးဆောင်ရွက်နိုင်ရန်လိုပြီး ဒီမိုကရေစီနိုင်ငံရေးကို သင်ကြားဖို့ မဟုတ်ဘဲ ဒီမိုကရေစီအလေ့အကျင့်ကောင်း တွေကို သင်ကြားပေးနိုင်မည့် ကောင်းမွန်သည့် ပညာရေး စနစ်၊ စဉ်ဆက်မပြတ်လေ့လာနိုင်သည့်စနစ်ကို လုပ်ဆောင် ပေးရမည်ဖြစ်ကြောင်း။
- ၂၀၁၁ ခုနှစ် နောက်ပိုင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ် နောက် ပိုင်းမှာ ထုတ်ဝေခဲ့သော အချို့သောစာအုပ်စာပေတွေ၊ စာ ပေဟောပြောပွဲအမည်ခံ ပြောဆိုမှုများသည် ဒီမိုကရေစီ စနစ်ထူထောင်စ မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်၊ စိတ်ဝမ်းကွဲပြားမှုများပြားသည့် လူမှုအဖွဲ့အစည်း(Highly Divided Society)တွေကို ဦးတည် သွားစေခဲ့သည်ကိုလည်း မြင်တွေ့နိုင်လိမ့်မည်ဖြစ်ကြောင်း။
- စာပေဗိမာန်က ထုတ်ဝေတဲ့ စာကောင်းပေမွန်များ၊ သုတ၊ ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အသိပညာ၊ အတတ်ပညာ နဲ့ ဗဟုသုတများပြည့်စုံတဲ့ အမျိုးသားယဉ်ကျေးမှုစရိုက် လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်လာ ပြီး မိမိယဉ်ကျေးမှု ဘာသာဓလေ့ထုံးစံများကို တန်ဖိုးထား မြတ်နိုးတတ်သော၊ အလေ့အထကောင်းများရှိလာမည့် စာတတ်ပေတတ် အနာဂတ်မျိုးဆက်သစ်လူငယ်များ တိုး ပွားလာစေမည်ဖြစ်ကြောင်း။
- "**အမှောင်ခွင်း၍ အလင်းဆောင်အံ့**"ဆိုတဲ့ စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ စာပေဗိမာန်ကထုတ်ဝေသည့် စာပေ၊ စာကောင်းများသည် အမျိုးသားရေးကို ထိခိုက်စေနိုင်သော "ဝါဒမှိုင်း၊ စာပေမှိုင်း" များမပါဘဲ ၃၈ ဖြာ မင်္ဂလာတရား တော်နှင့်အညီ ကျင့်ကြံနေထိုင်တတ်သည့် ခေတ်အမြင်၊ ခေတ်အတွေးနှင့် ပညာဗဟုသုတပြည့်စုံသော နိုင်ငံ့သား ကောင်း၊ သမီးရတနာများ တိုးပွားလာရေးကို ရည်ရွယ်ပြီး ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း။
- ပညာတတ်လူရည်ချွန်၊ လူရည်မွန်များ တိုးပွားလာမှသာ ဒီမိုကရေစီစံနှုန်းများနှင့် အနှစ်သာရကို ကောင်းစွာသဘော ပေါက်နားလည်ပြီး မြန်မာ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် ရေးကို အစဉ်ရှေးရှုသည့် လူ့ဘောင်သစ်အဖွဲ့အစည်း ပေါ် ပေါက်လာမှာလည်းဖြစ်ကြောင်း။
- မိမိတို့အစိုးရအနေဖြင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသား ပြည်သူ အကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူ မှုစီးပွားဘဝတွေကို တည်ဆောက်ရာမှာ စာပေဗိမာန်သည် လည်း စာပေအားဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက် နေသည်ကို မိမိယုံကြည်ကြောင်း။

ယခုကျရောက်တဲ့ စာပေဗိမာန်ရဲ့ ၇၅ နှစ်မြောက် စိန် ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် တည် တံ့ပါစေကြောင်း၊ နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည် ဆောက်ရေးလုပ်ငန်းတွေမှာ ကျရာကဏ္ဍက စွမ်းစွမ်းတမံ ပါဝင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ် ကြောင်းဖြင့် မိန့်ခွန်းပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၇-၈-၂၀၂၂)**


- လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယခင်က အကြောင်းအရင်းများစွာ ရှိနိုင်ခဲ့စေကာမူ ယနေ့ခေတ်၌ "ပညာသည်သာ၊ အခရာ"ဖြစ်သည်ကို ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထား။
- စာပေဗိမာန်သည်လည်း မြန်မာ့လွတ်လပ်ရေးအကြိုကာလနှင့် လွတ်လပ်ရေးရပြီး ကာလများ၌ မြန်မာ့စာပေတာဝန်နှင့်ပြည်သူလူထုကို အသိပညာဖြန့်ဖြူးရေးတာဝန်များကို အထူးကျေပွန်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်နေသည့် ဂုဏ်ယူဖွယ်ရာ အဖွဲ့အစည်းကြီးဖြစ်။
- စာပေဗိမာန်ဆုအဖြစ် စာပေဆုတစ်ရပ်တီထွင်ချီးမြှင့်မှုကနေ အနုပညာဆိုင်ရာစာပေဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသဖြင့် အဆင့်ဆင့်တိုးတက် ချီးမြှင့်နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်ကစ၍ အမျိုးသားစာပေတစ်သက်တာဆုကို နိုင်ငံတော်၏ အမြင့်ဆုံးဆုအဖြစ် တီထွင်ချီးမြှင့်ပေးနိုင်ခဲ့သောကြောင့် ယခုချိန်အထိ အမျိုးသားစာပေ တစ်သက်တာဆုရှင် ၃၄ ဦးထိ ရှိနေပြီဖြစ်။
- မိမိအနေဖြင့် ငယ်စဉ်ကတည်းက စာပေဗိမာန်၊ စာကြည့်တိုက်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး စာအုပ်၊ စာစောင်တွေကိုလည်း ဖတ်ရှုခဲ့ရသဖြင့် စာပေများမှရရှိခဲ့သည့် အသိပညာဗဟုသုတများသည် ယနေ့ထက်တိုင် တန်ဖိုးမဖြတ်နိုင်သော စဉ်ဆက်မပြတ် လေ့လာသင်ယူမှုကို ဖြစ်စေခဲ့။
- ဒီမိုကရေစီဟုဆိုရာမှာ မိမိတို့နိုင်ငံ၏အမျိုးသားရေးစရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေသည့် ပညာရေးစနစ်မျိုး၊ လေ့လာသင်ယူနိုင်သော အခြေအနေမျိုးတွေကို ဖန်တီးဆောင်ရွက်နိုင်ရန်လို။
- ၂၀၁၅ ခုနှစ်နောက်ပိုင်း ထုတ်ဝေခဲ့သော အချို့သောစာအုပ်စာပေတွေ၊ စာပေဟောပြောပွဲအမည်ခံ ပြောဆိုမှုများသည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်၊ စိတ်ဝမ်းကွဲပြားမှု များပြားသည့် လူမှုအဖွဲ့အစည်း (Highly Divided Society) တွေကို ဦးတည်သွားစေခဲ့သည်ကိုလည်း မြင်တွေ့နိုင်လိမ့်မည်ဖြစ်။
- "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဆိုတဲ့ စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ စာပေဗိမာန်က ထုတ်ဝေသည့် စာပေ၊ စာကောင်းများသည် အမျိုးသားရေးကို ထိခိုက်စေ နိုင်သော "ဝါဒမှိုင်း၊ စာပေမှိုင်း" များမပါဘဲ ၃၈ ဖြာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်တတ်သည့် ခေတ်အမြင်၊ ခေတ်အတွေးနှင့် ပညာဗဟုသုတ ပြည့်စုံသော နိုင်ငံ့သားကောင်း၊ သမီးရတနာများ တိုးပွားလာရေးကို ရည်ရွယ်ပြီး ထုတ်ဝေခဲ့ခြင်းဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် International Army Games-2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ရာ ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ ရောက်ရှိခဲ့ပါသည်။


ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၆ ရက်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနသို့သွားရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့်တွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ အားပေးထောက်ခံမှုတို့ဖြင့် အနာဂတ်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီးနောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၈-၈-၂၀၂၂)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု

- ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်တွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ အားပေးထောက်ခံမှုတို့ဖြင့် အနာဂတ် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်
ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်နေမှု

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ(မော်စကို)နှင့် အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်တို့သို့ သွားရောက်၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ သင်တန်းသားများနှင့်တွေ့ဆုံ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဒေါက်တာဘဒ္ဒန္တအစ္ဆရိယအမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

နေ့လည်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမော်စကိုမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် သင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ပြီး အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံ(ပုံတူ)စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြကာ အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၈-၈-၂၀၂၂)

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ(မော်စကို)နှင့် အတနာမီကမ္ဘာ့ယဉ်ကျေးမှုမြို့တော်တို့သို့ သွားရောက်လေ့လာခဲ့သည့်အပြင် သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ သင်တန်းသားများနှင့်လည်း တွေ့ဆုံခဲ့။



အတနာမိကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံ(ပုံတူ)စေတီတော်မြတ်ကြီးအား ဖူးတွေ့ရမှု မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို)ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်စကိုမြို့ရှိ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် သင်တန်းသားများအား တွေ့ဆုံစကားပြောနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Internatoinal Army Games - 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၇ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Convention Center တွင် ကျင်းပပြုလုပ်သည့် International Army Games - 2022 ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ Alabino လေ့ကျင့်ရေးကွင်း၊ House of Friendship ရှိ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြပြီး တင့်ကားမောင်းနှင်းပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon(Division - 1) ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပါသည်။

အဆိုပါ Internatoinal Army Games - 2022 ပြိုင်ပွဲကို နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် အိမ်ရှင်အဖြစ် နိုင်ငံပေါင်း ၁၂ နိုင်ငံ၌ ပြိုင်ပွဲများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲများဖြစ်သည့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ Army of Culture တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ-

- မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့သည် Tank Biathlon (Tank Crews Competition) Division-2 ၌ စုစုပေါင်းပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခု တွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်းယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့၊
- လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ ၇ နိုင်ငံအနက် အဆင့် ၄ နေရာ၌လည်းကောင်း၊
- ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲတွင် ခွဲသတ္တိဆုနှင့် အသင်း ၁၆ သင်းအနက် အဆင့် ၄ နေရာ၌လည်းကောင်း၊
- မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် တီးခတ်မှုပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရုရှားသီချင်း)တွင် ပထမဆု၊ အကပြိုင်ပွဲတွင် တတိယဆု၊ တစ်ဦးချင်းအမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်အောင် အကောင်းဆုံး တင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိတ်သတ်များ၏ မဲပေးရွေးချယ်မှု(People's Choice Award)တွင်လည်း ပထမဆုကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များအနေဖြင့် International Army Games - 2022 ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုအတွေ့အကြုံများ၊ နည်းပညာဆိုင်ရာအတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဩဂုတ်လ ၂၈ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

(မြဝတီရုပ်မြင်သံကြား ၂၈-၈-၂၀၂၂)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division-1)ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နေပြည်တော်လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ Alabino လေ့ကျင့်ရေးကွင်း၊ House of Friendship ရှိ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြပြီး တင့်ကားမောင်းနှင်းပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division - 1) ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့။
- မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့သည် Tank Biathlon (Tank Crews Competition) Division-2 ၌ စုစုပေါင်းပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့်ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခုတွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်း ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့။
- မြန်မာ့တပ်မတော်အနေဖြင့် လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ ၇ နိုင်ငံအနက် အဆင့် ၄ နေရာ၌လည်းကောင်း၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲတွင် ဖွဲ့သတ္တိဆုနှင့် အသင်း ၁၆ သင်းအနက် အဆင့် ၄ နေရာ၌လည်းကောင်း ဆုများရရှိခဲ့။
- မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် တီးခတ်မှုပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရုရှားသီချင်း) တွင် ပထမဆု၊ အကပြိုင်ပွဲတွင် တတိယဆု၊ တစ်ဦးချင်းအမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်အောင် အကောင်းဆုံး တင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကိုဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိတ်သတ်များ၏ မဲပေးရွေးချယ်မှု (People's Choice Award) တွင်လည်း ပထမဆုကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့။

# ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ တုံ့ပြန်ချက်များအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်ပယ်ချ

၂၅-၈-၂၀၁၇ ဖြစ်ရပ်များနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့ ARSA ၏ လုပ်ရပ်ကို ဖုံးကွယ်ခြင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ၏ အရေးကိစ္စကို လျစ်လျူရှုခြင်း၊ မြန်မာအစိုးရ၏ အပြုသဘောဆောင်ရွက်ချက်များကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် မှန်ကန်မှုမရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့၏ ကြေညာချက်များသည် ဖြစ်ရပ်မှန်ကို အခြေခံခြင်းမရှိဘဲ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သည့်အတွက် ပြင်းထန်စွာပယ်ချ၍ ရှုတ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပါသည်။

## သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွေ့ရှိရသည်။ ယင်းကြေညာချက်များ၌ ပါရှိသည့် အချက်အလက်များသည် မှန်ကန်မှုမရှိ၊ တိကျမှုမရှိကြောင်း တွေ့ရပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်း တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် စတင်ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း (Security outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမှုများဖြစ်ရန် ARSA အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ARSA ၏ အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ထွက်ခွာခဲ့သည့် ဦးရေဖော်ပြရာတွင်လည်း မမှန်မကန် ချဲ့ကားမှုများရှိသည်။ မြန်မာအစိုးရအနေဖြင့် ထွက်ခွာခဲ့သူများကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စနစ်တကျ စိစစ်လက်ခံရေးကို နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာအစိုးရနှင့် ပြည်သူများသည် "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကိုမူ အသိအမှတ်မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင် မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိပါ။ ယင်းအမည် သုံးစွဲသူများသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြောင်း တွေ့ရသည်။ ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ စနစ်တကျစိစစ်ဆေးပြီး ကိုက်ညီသူများကို သင့်လျော်သည့် နိုင်ငံသားအဆင့်အတန်းအား လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှုမရှိဘဲ ပေးအပ်နေသည်။

၂၅-၈-၂၀၁၇ ဖြစ်ရပ်များနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့ ARSA ၏လုပ်ရပ်ကို ဖုံးကွယ်ခြင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ၏ အရေးကိစ္စကို လျစ်လျူရှုခြင်း၊ မြန်မာအစိုးရ၏ အပြုသဘောဆောင်ရွက်ချက်များကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် မှန်ကန်မှုမရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်များသည် ဖြစ်ရပ်မှန်ကို အခြေခံခြင်းမရှိဘဲ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သည့်အတွက် ပြင်းထန်စွာပယ်ချ၍ ရှုတ်ချလိုက်ကြောင်း ကြေညာအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

**(မြဝတီသတင်းစာ ၂၆-၈-၂၀၂၂)**

- မြန်မာအစိုးရနှင့် ပြည်သူများသည် “ရိုဟင်ဂျာ” ဆိုသည့် အသုံးအနှုန်းကိုမူ အသိအမှတ်မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင် မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိ။
- ၂၅-၈-၂၀၁၇ ဖြစ်ရပ်များနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့ ARSA ၏ လုပ်ရပ်ကို ဖုံးကွယ်ခြင်း၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ၏အရေးကိစ္စကို လျစ်လျူရှုခြင်း၊ မြန်မာအစိုးရ၏ အပြုသဘောဆောင်ရွက်ချက်များကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် မှန်ကန်မှုမရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်များသည် ဖြစ်ရပ်မှန်ကို အခြေခံခြင်းမရှိဘဲ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သည့်အတွက် ပြင်းထန်စွာပယ်ချ၍ ရှုတ်ချ။

## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် PNLO ဥက္ကဋ္ဌ၊ LDU ဥက္ကဋ္ဌ၊ ALP ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဆက်လက်တွေ့ဆုံဆွေးနွေး





နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၅ ရက်နှင့် ၂၆ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ-

- ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃)ပါသဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့်ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍လည်းကောင်း၊
- (၉) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ (ဇယား-၂)ကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့။
- ဆွေးနွေးပွဲတက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ သဘောထားစုစည်းချက်များရယူခဲ့ပြီး နောက် ၄ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် အဆိုပါငြိမ်းချမ်းရေးကိုယ်စားလှယ် ၃ ဖွဲ့နှင့် ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် တစ်ဖွဲ့ချင်းစီ သီးခြားတွေ့ဆုံ၍ ပထမအကြိမ်တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဩဂုတ်လ ၂၇ ရက်တွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၈-၂၀၂၂)**



ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌက
သဘောတူညီချက်များအား
အတည်ပြုလက်မှတ်ရေးထိုးနေမှု



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက
သဘောတူညီချက်များအား အတည်ပြု လက်မှတ်ရေးထိုးနေမှု



လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌက
သဘောတူညီချက်များအား
အတည်ပြုလက်မှတ်ရေးထိုးနေမှု



ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဒုတိယဥက္ကဋ္ဌက
သဘောတူညီချက်များအား
အတည်ပြုလက်မှတ်ရေးထိုးနေမှု

- ဆွေးနွေးပွဲများတွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃) ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့်ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်း နှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍လည်းကောင်း၊
- (၉) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ (ဇယား-၂) ကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့။
- ဆွေးနွေးပွဲတက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ သဘောထားစုစည်းချက်များရယူခဲ့ပြီး နောက် ၄ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြ။
- နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် အဆိုပါငြိမ်းချမ်းရေးကိုယ်စားလှယ် ၃ ဖွဲ့နှင့် တစ်ဖွဲ့ချင်းစီ သီးခြားတွေ့ဆုံ၍ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၇ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်လိုသည့်အချက်များနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့က အဆိုပြုချက်များအပေါ် လေ့လာဆန်းစစ်တွေ့ရှိချက်များအား တစ်ချက်ချင်းစီ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက အဆိုပြုချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏သဘောထားအမြင်ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီက ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်စနစ်ကျင့်သုံးနေမှုအပေါ် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ဇယား-၁၊ ဇယား-၂ တို့မှ ဥပဒေပြဋ္ဌာန်းရန် ကျန်ရှိနေသည့် ဥပဒေပြုခွင့်ရစာရင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၈-၈-၂၀၂၂)

- **ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်လိုသည့်အချက်များနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုချက်များအပေါ် လေ့လာဆန်းစစ်တွေ့ရှိချက်များအား တစ်ချက်ချင်းစီ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက အဆိုပြုချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ သဘောထားအမြင်ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့။**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား (ဒုတိယအကြိမ်) ကျင်းပ



တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့နှင့် အပြန်အလှန် အမှီသဟဲပြုလျက်ရှိရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် မိမိတို့ရရှိလာမည့် အသိပညာ၊ ဗဟုသုတများနှင့်ယှဉ်၍ တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နိုင်ကြစေရန်အတွက် အသိပညာပေးဟောပြောပွဲအခမ်းအနား(ဒုတိယအကြိမ်)ကို ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က စာပေအားဖြင့် တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိနားလည်နိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ရစေနိုင်ကြောင်း၊ စာပေဖတ်ခြင်းအားဖြင့် အသိပညာရရှိပြီး ထိုအသိပညာဖြင့် လူ့ဘောင်သစ်၊ နိုင်ငံသစ်နှင့် ငြိမ်းချမ်းရေးရရှိအောင် စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အများကောင်းကျိုး၊ လောကကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများကို စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က Perspective on the United Nations: "Differential Treatment of Different Countries" ကုလသမဂ္ဂနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အချို့ "နိုင်ငံအလိုက်ခွဲခြား ဆက်ဆံခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၅-၈-၂၀၂၂)

- **စာပေအားဖြင့် တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိနားလည်နိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုကိုရစေနိုင်၊ စာပေဖတ်ခြင်းအားဖြင့် အသိပညာရရှိပြီး ထိုအသိပညာဖြင့် လူ့ဘောင်သစ်၊ နိုင်ငံသစ်နှင့် ငြိမ်းချမ်းရေးရရှိအောင် စွမ်းဆောင်နိုင်မည်ဖြစ်၊ အများကောင်းကျိုး၊ လောကကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများကို စွမ်းဆောင်နိုင်မည်ဖြစ်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင် အကြိုစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်






ဩဂုတ်လ ၂၅ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၅/ ၂၀၂၂) ဖွင့်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေး(ရွာတော်)ဆင်ဖြူရှင်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက-

- သင်တန်းသားများအနေဖြင့် ကော်မရှင်၊ ရွေးကောက်ပွဲတို့နှင့်ပတ်သက်ပြီး သိရှိထားရန်လိုပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုသည်မှာ ရွေးကောက်ပွဲများကို တာဝန်ယူကြီးကြပ်ကျင်းပပေးရသည့် အဖွဲ့အစည်းဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ရမည့်တာဝန်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းထားပြီး အဓိကအားဖြင့် တာဝန်(၃) မျိုး တွေ့ရမည်ဖြစ်ကာ ရွေးကောက်ပွဲများကို ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးရန်နှင့် ရွေးကောက်ပွဲကန့်ကွက်လွှာများကို ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးရန်တို့ဖြစ်ကြောင်း။
- ရွေးကောက်ပွဲကျင်းပရာတွင် ကာလအားဖြင့် အပိုင်း ၃ ပိုင်း တွေ့ရှိမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်ခင်(အကြို) ကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန် (နှောင်းပိုင်း)ကာလတို့ဖြစ်ကြောင်း။
- ကာလအပိုင်းအခြား တစ်ခုတိုင်းတွင် လုပ်ငန်းစဉ်များစွာရှိပြီး ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား စက်ဝန်းတစ်ခုကဲ့သို့ စဉ်ဆက်မပြတ် ဆောင်ရွက်ရကြောင်း။
- ဒုတိယဦးစီးမှူးဆိုသည်မှာ ဦးစီးအရာရှိများအား အဓိက အထောက်အကူပြုရသောသူများဖြစ်သည့်အတွက် ကိုယ်တိုင်သိရှိကျွမ်းကျင်မှသာ အပြည့်အဝ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။
- ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ကော်မရှင်၏လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များသည် ချွတ်ချော်မှုများဖြစ်ခဲ့ပါက ကော်မရှင်၏ သိက္ခာ၊ နိုင်ငံ၏သိက္ခာကို ထိခိုက်မှာဖြစ်ကြောင်း၊ ချွတ်ချော်မှားယွင်းမှုမရှိစေရန် မိမိဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်နေရန်လိုကြောင်း။
- ရွေးကောက်ပွဲကျင်းပသည့်အခါ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့် တာဝန်များကိုသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အလေးအနက်ထား လေ့လာသင်ယူကြရန် မှာကြားခဲ့ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ်လ ၂၅ ရက်မှ စက်တင်ဘာလ ၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၈-၂၀၂၂)**

- ရွေးကောက်ပွဲကျင်းပရာတွင် ကာလအားဖြင့် အပိုင်း ၃ ပိုင်း တွေ့ရှိမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်ခင် (အကြို) ကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်(နှောင်းပိုင်း)ကာလတို့ဖြစ်။
- ကာလအပိုင်းအခြား တစ်ခုတိုင်းတွင် လုပ်ငန်းစဉ်များစွာရှိပြီး ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား စက်ဝန်းတစ်ခု ကဲ့သို့ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ။
- ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ကော်မရှင်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များသည် ချွတ်ချော်မှုများဖြစ်ခဲ့ပါက ကော်မရှင်၏ သိက္ခာ၊ နိုင်ငံ၏သိက္ခာကို ထိခိုက်မှာဖြစ်သဖြင့် ချွတ်ချော်မှားယွင်းမှု မရှိစေရန် မိမိဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်နေရန်လို။

## စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေဗိမာန် ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် Video Message ဖြင့် မိန့်ခွန်းပြောကြားနေမှု

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ဖြင့် မိန့်ခွန်းပြောကြား၍ စာပေဗိမာန်၏ သမိုင်းမှတ်တမ်းပုံရိပ် Video မှတ်တမ်းကို ပြသခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြု အမှာစကားပြောကြားရာ၌-

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ စေတနာနှင့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်ခြင်းအနေဖြင့် ပညာရှင်ကြီးများ၏ လူမှုဘဝပိုမိုဖူလုံစေရေးအတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့ကြောင်း။
- ထို့ပြင် စာပေပညာရှင်များကိုလည်း ထိုက်တန်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး၊ ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း စီစဉ်ပေးလျက်ရှိကြောင်း။




- အထူးသဖြင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာရပ်ဝန်း အသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလျက် အဆင့်မြင့်ခေတ်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် အနုပညာဗဟိုဌာနအဆောက်အဦ (Art Centre)ကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။
- ထိုနည်းတူ စာရေးဆရာကြီးများ၊ စာပေပညာရှင်ကြီးများ စာပေရေးဖွဲ့ဖန်တီးမှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်၊ စာပေလောကသားများ စုစည်းဆောင်ရွက်စေရန်၊ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်၊ စာပေချစ်မြတ်နိုးသူများ လေ့လာနိုင်ရန် စာဆိုဗိမာန်ကြီး တည်ဆောက်ရန်အတွက် စတင်စိုင်းပြင်းနေပြီဖြစ်ကြောင်း။
- မိမိတို့ဦးတည် လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးတွင် စာပေအနုပညာရှင်များအားလုံး စည်းရုံးလှုံ့ဆော်ပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း။
- အထူးသဖြင့် စာပေနယ်ပယ်က စာပေလောကသားများသည် ခေတ်အဆက်ဆက်တွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကလောင်လက်နက်ဖြင့် ပါဝင်ကူညီခဲ့ကြသလို ရှေ့ဆက်လက်ပြီး ပါဝင်ကူညီကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုအလှူရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က စာပေရန်ပုံငွေအတွက် လှူဒါန်းသော ငွေကျပ် သိန်းပေါင်း ၂,၂၁၅ နှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပြီးနောက် စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ်စာစဉ်များ၊ ကျောင်းသုံး စာအုပ်ဘာသာပြန်များ၊ မြန်မာ့စွယ်စုံကျမ်းအုပ်တွဲများ၊ နှစ် ၅၀ စာစဉ်များ၊ စာပေဗိမာန်မဂ္ဂဇင်း၊ ပြည်သူ့လက်စွဲစာစဉ်များ၊ လူထုသိပ္ပံကျမ်း ကိုးတွဲ၊ မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်များ၊ ရွှေသွေးဂျာနယ်၊ သုတပဒေသာစာစောင်စသည်ဖြင့် စာပေဗိမာန်သက်တမ်းတစ်လျှောက်တွင် ထုတ်ဝေဖြန့်ချိခဲ့သည့် တန်ဖိုးနည်းသလောက် ဝန်ပါလှသည့်စာအုပ်စာစောင်၊ ကျမ်းပေါင်းများစွာတို့ဖြင့် ပြည်သူလူထုကို အကျိုးပြုခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၇-၈-၂၀၂၂)

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ စေတနာနှင့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်ခြင်းအနေဖြင့် ပညာရှင်ကြီးများ၏ လူမှုဘဝပိုမိုဖူလုံစေရေးအတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့။**
- **အထူးသဖြင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ အနုပညာရပ်ဝန်းအသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလျက် အဆင့်မြင့်ခေတ်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် အနုပညာဗဟိုဌာန အဆောက်အဦ (Art Centre)ကို တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိ။**




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ စာရေးဆရာအသင်း(ကိုယ်စား)ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်နေမှု



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာမကြီး ဒေါ်ချို့ချို့တင် (မစန္ဒာ)အား စာပေရန်ပုံငွေအတွက် အလှူငွေပေးအပ်နေမှု



ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုက စာပေပညာရှင်ကြီးများအား လှူဒါန်းသည့် လက်ဆောင်ပစ္စည်းများအား ဆရာကြီး ဒေါက်တာမောင်သင်းကို ပေးအပ်နေမှု



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက စာပေရန်ပုံငွေအတွက် လှူဒါန်းသော အလှူငွေများကို ဆရာကြီး ဦးမောင်မောင်လတ်(နောင်)အား ပေးအပ်နေမှု

- တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုအလှူရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က စာပေရန်ပုံငွေအတွက် လှူဒါန်းသော ငွေကျပ်သိန်း ပေါင်း ၂,၂၁၅ နှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပြီးနောက် စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ဖွင့်ပွဲအခမ်းအနားတက်ရောက်

ဩဂုတ်လ ၂၇ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bangrak Medical Center Building ၌ ကျင်းပသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ဖွင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Lim Jock Hoi နှင့် ဖိတ်ကြားထားသော ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ဒုတိယ






ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖွင့်ပွဲအထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများဆိုင်ရာ အာဆီယံစင်တာ အတွင်းရေးမှူးရုံး ASEAN Center for Public Health Emergency and Emerging Diseases (AC PHEED)ကို ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေး အရေးပေါ်ဆိုင်ရာအခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံနိုင်ငံများအတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး H.E. Mr. Anutin Charnvirakul တို့တွေ့ဆုံပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၈-၈-၂၀၂၂)

- **အာဆီယံနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေး အရေးပေါ်ဆိုင်ရာအခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံနိုင်ငံများအတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်။**
- **ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI-The Vaccine Alliance အဖွဲ့အား လက်ခံတွေ့ဆုံ

ဩဂုတ်လ ၂၄ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့အခြေစိုက် GAVI-The Vaccine Alliance အဖွဲ့ရုံးမှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mr. Thabani Maphosa ဦးဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက-

- မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် GAVI-The Vaccine Alliance၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။
- ဝန်ကြီးဌာနအနေဖြင့် အနှောင်အဖွဲ့ကင်းမဲ့သည့် မည်သည့်အကူအညီမျိုးကိုမဆို လက်ခံကြိုဆိုမည်ဖြစ်ကြောင်း၊ ၎င်းအကူအညီများကိုလည်း မိမိတို့ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အကျိုးရှိရှိအသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



GAVI-The Vaccine Alliance အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ Mr.Thabani Maphosa က ပြန်လည်ဆွေးနွေးရာတွင်-

- GAVI-The Vaccine Alliance အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ဆက်လက်ထောက်ပံ့ရေးနှင့် ဝေးလံခက်ခဲသောဒေသများရှိ ကလေးများအတွက် ပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း။
- GAVI-The Vaccine Alliance အဖွဲ့အပြင် UNICEF နှင့် WHO တို့မှလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ ကာကွယ်ဆေးထိုးလုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Ramanathan Blakrishnan၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. MArcoluigi Corsi ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Dr. Fabio Caldas de Mesquita နှင့် GAVI-The Vaccine Alliance အဖွဲ့မှ Mr. Dirk Gehl တို့ တက်ရောက်ခဲ့ကြပါသည်။

(မြဝတီသတင်းစာ ၂၅-၈-၂၀၂၂)

- **မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် GAVI-The Vaccine Alliance၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။**
- **ဝန်ကြီးဌာနအနေဖြင့် အနှောင်အဖွဲ့ကင်းမဲ့သည့် မည်သည့်အကူအညီမျိုးကိုမဆို လက်ခံကြိုဆိုမည်ဖြစ်ကြောင်း၊ ၎င်းအကူအညီများကိုလည်း မိမိတို့ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အကျိုးရှိရှိအသုံးပြုသွားမည်ဖြစ်။**
- **GAVI-The Vaccine Alliance အဖွဲ့အပြင် UNICEF နှင့် WHO တို့မှလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ ကာကွယ်ဆေး ထိုးလုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်။**

# (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး






အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (16th ASEAN Navy Chiefs' Meeting-16th ANCM) သို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ အင်ဒိုနီးရှားနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Yudo Margono က (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကာ အာဆီယံရေတပ်ဦးစီးချုပ်များက "The Roles of ASEAN Navies in Addressing Maritime Challenges'' (ပင်လယ်ရေကြောင်း စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာဆီယံရေတပ်များ၏အခန်းကဏ္ဍ) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ၂၀၂၃ ခုနှစ် အတွင်းပြုလုပ်မည့် ရေတပ်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ကာကွယ်ရေး ပစ္စည်းပြပွဲနှင့် ရေတပ်အချင်းချင်း တွေ့ဆုံဆွေးနွေးရေး အစီအစဉ်များနှင့်ပတ်သက်၍ ဖိတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က-

- ဒေသတွင်းပင်လယ်ရေကြောင်းစိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းခြင်းဖြင့် လုံခြုံစိတ်ချတည်ငြိမ်သော ရေကြောင်းနယ်ပယ် တည်ဆောက်နိုင်မှုများ။
- တပ်မတော်(ရေ)၏ စွမ်းဆောင်ရည်မြှင့်တင်မှုကို လေ့ကျင့်ရေးဖြင့် ဦးတည်ဆောင်ရွက်နေမှုများ။
- အာဆီယံရေတပ်များကျင့်သုံးရမည့် Team Work ၏ အရေးပါမှုများ။
- ရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရန်နှင့် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာများကို ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။


ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အင်ဒိုနီးရှားရေတပ်ဦးစီးချုပ်၊ ဗီယက်နမ်ရေတပ်ဦးစီးချုပ်၊ ထိုင်းရေတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားရေတပ်ဦးစီးချုပ်နှင့် လာအိုကြည်းတပ် ဒုတိယဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး ဩဂုတ်လ ၂၅ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၈-၂၀၂၂)**

- **အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးတွင် အာဆီယံရေတပ်ဦးစီးချုပ်များက "The Roles of ASEAN Navies in Addressing Maritime Challenges'' (ပင်လယ် ရေကြောင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာဆီယံရေတပ်များ၏ အခန်းကဏ္ဍ) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့။**



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်ကူးနေမှု



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် အင်ဒိုနီးရှားနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Yudo Margono တို့ တွေ့ဆုံဆွေးနွေးနေမှု



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်နေမှု

- ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အာဆီယံရေတပ်များကျင့်သုံးရမည့် Team Work ၏ အရေးပါမှု၊ ရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရန်နှင့် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာများကို ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြရန်ဆွေးနွေးခဲ့။
- ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အင်ဒိုနီးရှားရေတပ်ဦးစီးချုပ်၊ ဗီယက်နမ်ရေတပ်ဦးစီးချုပ်၊ ထိုင်းရေတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားရေတပ်ဦးစီးချုပ်နှင့် လာအိုကြည်းတပ် ဒုတိယဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့။

# Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့က ဆုများ ဆွတ်ခူးရရှိ




မြန်မာ့တပ်မတော်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ်လ ၁၅ ရက်မှ စတင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2022 ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်အတူ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲအပြင် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture တွင်လည်း မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပါသည်။

မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များသည် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ပြိုင်ပွဲဝင်ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့ဆိုင်းဝိုင်းတီးခတ်မှုပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရုရှားသီချင်း) ပထမဆု၊ အကပြိုင်ပွဲ (ခေတ် ၄ ခေတ်) အကတွင် တတိယဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်အောင် အကောင်းဆုံးတင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိတ်သတ်များ၏ မဲပေးရွေးခြယ်မှု (People's Choice Award) တွင်လည်း ပထမဆုကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

မြန်မာ့တပ်မတော် ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များအနေဖြင့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ သီချင်းများ၊ အက၊ အလှများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှု အက၊ အလှတို့ကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။


(မြဝတီသတင်းစာ ၂၆-၈-၂၀၂၂)

- **International Army Games-2022 ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များသည် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ပြိုင်ပွဲဝင်ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ၃ ဆု၊ ဒုတိယဆု ၁ ဆုနှင့် တတိယဆု ၄ ဆု ဆွတ်ခူးရရှိခဲ့။**
- **မြန်မာ့တပ်မတော် ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များအနေဖြင့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ သီချင်းများ၊ အက၊ အလှများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှု အက၊ အလှတို့ကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်ခဲ့။**

## Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





# ပြည်တွင်းဆန်လက်ကျန်နှင့်ပတ်သက်၍ ကောလာဟလသတင်းများအပေါ် မီဒီယာများ၏ မေးမြန်းမှုအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ဖြေကြား

ပြည်တွင်း၌ ဆန်လက်ကျန်နည်းပါးနေကြောင်း လူမှုကွန်ရက်စာမျက်နှာများနှင့် မီဒီယာအချို့တွင် မဟုတ်မမှန် ထုတ်ပြန်မှုများကြောင့် ဆန်ဈေးနှုန်းများ တည်ငြိမ်မှုမရှိသဖြင့် ပြည်သူများသို့ ပြည်တွင်းဆန်လက်ကျန် အခြေအနေမှန်ကို သိရှိစေရန်အတွက် မီဒီယာများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်ကို ဆက်သွယ်မေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးက အောက်ပါအတိုင်း ဖြေကြားခဲ့သည်-

- မြန်မာနိုင်ငံတွင် ယမန်နှစ်မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိခဲ့ပြီး စပါးထွက်ရှိမှုမှာ တင်းသန်းပေါင်း ၁,၀၈၈ သန်းရှိ၍ နွေစပါးစိုက်ဧကနှစ်သန်းရှိကာ စပါးတင်းသန်းပေါင်း ၂၁၃ သန်းထွက်ရှိခဲ့သည့်အတွက် စုစုပေါင်းထွက်ရှိမှုမှာ စပါးတင်းသန်းပေါင်း ၁,၃၀၁ သန်း၊ ညီမျှဆန်တန် ၁၃ ဒသမ ဝ၁ သန်းဖြစ်ကြောင်း။
- ထွက်ရှိသောစပါးများအပေါ် မျိုး၊ အလေအလွင့် နုတ်ပယ်၍ အသားတင်ပိုလျှံမှု ပမာဏမှာ ဆန်တန် ၁၂ ဒသမ ၂၈၂ သန်းခန့်ဖြစ်ပြီး ပြည်တွင်းရှိ လူဦးရေ ၅၅ သန်း စားသုံးရန် လိုအပ်ချက်မှာ ဆန်တန် ၉ ဒသမ ၄၀၂ သန်းဖြစ်သည့်အတွက် ပြည်ပတင်ပို့နိုင်မှုပမာဏမှာ ၂ ဒသမ ၈၈ သန်းခန့် ဖြစ်ကြောင်း။
- ၂၀၂၂ ခုနှစ်အတွင်း ဩဂုတ်လကုန်အထိ ပြည်ပတင်ပို့နိုင်မှု ပမာဏမှာ ဆန်တန် ၁ ဒသမ ၃၃၈ သန်းနှင့် ဆန်ကွဲတန်ချိန် သုည ဒသမ ၈၀၈ သန်းသာ ဖြစ်သည့်အတွက် ဩဂုတ်လကုန်တွင် ပြည်တွင်း၌ လက်ကျန်ဆန် တန်ချိန် ၃ ဒသမ ၆၃၅ သန်းခန့် ရှိ ကြောင်း။
- ယင်းလက်ကျန်ဆန်များအပေါ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ လေးလစာ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ပမာဏမှာ ဆန်တန် ၃ ဒသမ ၁၃၄ သန်းသာဖြစ်ပြီး စက်တင်ဘာလကုန်တွင် ယခုနှစ်မိုးရာသီစိုက်ပျိုးသည့် မိုးစပါးစိုက်ဧက ၁၅ သန်းမှ စတင်ပေါ်ထွက်လာမည်ဖြစ်၍ ဆန်ပြည်ပသို့ ပုံမှန်အတိုင်း ဆက်လက်တင်ပို့ရောင်းချနိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း စိုးရိမ်စရာမရှိကြောင်း ရှင်းလင်းပြောကြားခဲ့။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် လယ်ယာထွက်ကုန်သီးနှံများအပါအဝင် အခြေခံစားသောက်ကုန်များပြည်ပသို့ တင်ပို့ရာတွင် ပြည်တွင်းစားသုံးမှု ပိုလျှံမှသာလျှင် ပြည်ပတင်ပို့ခြင်းအား ခွင့်ပြုပေးပြီး ဆန်ပြည်ပတင်ပို့မှုတွင်လည်း ပြည်တွင်းဖူလုံမှုကို ဦးစားပေးတွက်ချက် ချန်လှပ်ပြီးမှသာလျှင် စိစစ်၍ စနစ်တကျတင်ပို့ခွင့်ပြုလျက်ရှိကြောင်း၊ လက်ရှိပြည်တွင်းဆန်လက်ကျန်အခြေအနေမှာ မိုးစပါးသစ် မထွက်ပေါ်မီအချိန်အထိ ဖူလုံပိုလျှံသည့် ပမာဏဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက် ဆန်လက်ကျန် ဖူလုံမှုရှိကြောင်းနှင့် ပြည်သူများအနေဖြင့် မဟုတ်မမှန်သတင်းများအပေါ် စိုးရိမ်ပူပန်မှုများ မဖြစ်ပေါ်စေရန် အသိပေးဖြေကြားထားပါသည်။

(မြဝတီသတင်းစာ ၂၈-၈-၂၀၂၂)

- **ထွက်ရှိသောစပါးများအပေါ် မျိုး၊ အလေအလွင့် နုတ်ပယ်၍ အသားတင်ပိုလျှံမှု ပမာဏမှာ ဆန်တန် ၁၂ ဒသမ ၂၈၂ သန်းခန့်ဖြစ်ပြီး ပြည်တွင်းရှိ လူဦးရေ ၅၅ သန်း စားသုံးရန် လိုအပ်ချက်မှာ ဆန်တန် ၉ ဒသမ ၄၀၂ သန်းဖြစ်သည့်အတွက် ပြည်ပတင်ပို့နိုင်မှု ပမာဏမှာ ၂ ဒသမ ၈၈ သန်းခန့် ဖြစ်။**
- **၂၀၂၂ ခုနှစ်အတွင်း ဩဂုတ်လကုန်အထိ ပြည်ပတင်ပို့နိုင်မှု ပမာဏမှာ ဆန်တန် ၁ ဒသမ ၃၃၈ သန်းနှင့် ဆန်ကွဲတန်ချိန် သုည ဒသမ ၈၀၈ သန်းသာ ဖြစ်သည့်အတွက် ဩဂုတ်လကုန်တွင် ပြည်တွင်း၌ လက်ကျန်ဆန် တန်ချိန် ၃ ဒသမ ၆၃၅ သန်းခန့် ရှိ။**
- **လက်ကျန်ဆန်များအပေါ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ လေးလစာ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ပမာဏမှာ ဆန်တန် ၃ ဒသမ ၁၃၄ သန်းသာဖြစ်ပြီး စက်တင်ဘာလကုန်တွင် ယခုနှစ်မိုးရာသီစိုက်ပျိုးသည့် မိုးစပါးစိုက်ဧက ၁၅ သန်းမှ စတင်ပေါ် ထွက်လာမည်ဖြစ်၍ ဆန်ပြည်ပသို့ ပုံမှန်အတိုင်း ဆက်လက်တင်ပို့ရောင်းချနိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း စိုးရိမ်စရာမရှိ။**

# နိုင်ငံခြားငွေဈေးနှုန်းဆွဲတင်နေမှုများ၊ အွန်လိုင်းမှ တရားမဝင်နိုင်ငံခြားငွေများ ရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေး

နိုင်ငံခြားငွေဈေးနှုန်းဆွဲတင်နေသူများ၊ အွန်လိုင်းမှ တရားမဝင်နိုင်ငံခြားငွေများ ရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် နိုင်ငံခြားငွေများ တရားမဝင် ရောင်းဝယ်နေသည့် အွန်လိုင်းလုပ်ငန်းများကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဩဂုတ်လ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ထားပါသည်။

## ပြည်သူလူထုထံ အသိပေးချက်

စက်သုံးဆီတင်သွင်းသူများသို့ နိုင်ငံခြားငွေကြေးလွယ်ကူစွာရရှိနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်များနှင့် စက်သုံးဆီလုပ်ငန်းရှင်ကြီးများ ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး တိုင်းပြည်စီးပွားရေးကို အဓိကထိန်းကျောင်းပံ့ပိုးပေးနေသော အခြားဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ထိန်းညှိဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားငွေဈေးနှုန်းဆွဲတင်နေမှုများ၊ အွန်လိုင်းမှ တရားမဝင် နိုင်ငံခြားငွေများရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် နိုင်ငံခြားငွေများ တရားမဝင် ရောင်းဝယ်နေသည့် အွန်လိုင်းလုပ်ငန်းများကိုလည်း နိုင်ငံခြားသုံးစီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(မြဝတီသတင်းစာ ၂၈-၈-၂၀၂၂)

- နိုင်ငံခြားငွေဈေးနှုန်းဆွဲတင်နေသူများ၊ အွန်လိုင်းမှ တရားမဝင်နိုင်ငံခြားငွေများ ရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် နိုင်ငံခြားငွေများ တရားမဝင်ရောင်းဝယ်နေသည့် အွန်လိုင်းလုပ်ငန်းများကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဩဂုတ်လ ၂၇ ရက်တွင် ထုတ်ပြန်။

# လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်လုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော် ပြန်လည် လည်ပတ်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ အထည်ချုပ်လုပ်ငန်းမှ အော်ဒါရရှိမှုနှင့် ကုန်ကြမ်းရရှိမှုနည်းပါးခဲ့ခြင်းကြောင့် ပြည်တွင်းရှိ အထည်ချုပ်စက်ရုံများ ရပ်နားခဲ့ရပါသည်။ လက်ရှိတွင် မီးလောင်၍ ပိတ်သွားသည့်စက်ရုံများမှလွဲ၍ ကျန်ရှိနေသည့် စက်ရုံများမှ အထည်ချုပ်လုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်လည်ပတ်လျက် ရှိပါသည်။

လှိုင်သာယာစက်မှုဇုန်၌ စက်ရုံ ၁ ရုံတွင် လုပ်သားဦးရေ ၅၀၀ ကျော်မှ ၁,၀၀၀ ကျော်အထိရှိသည့် အထည်ချုပ်စက်ရုံပေါင်း ၁၀၀ ကျော်ရှိပြီး ယခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုလျော့နည်းလာသည့်အတွက် အော်ဒါရရှိမှု ယခင်နှစ်ထက် ပိုမိုများပြားလာကြောင်း၊ လှိုင်သာယာစက်မှုဇုန်အပါအဝင် စက်မှုဇုန်ပေါင်း ၂၉ ခုရှိကာ အထည်ချုပ်လုပ်ငန်းများနှင့် ဆက်စပ်နေသည့်လုပ်ငန်းများမှ လုပ်သားဦးရေ စုစုပေါင်းမှာ ၈၀၀,၀၀၀ ဝန်းကျင်ရှိကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၆-၈-၂၀၂၂)

- လက်ရှိတွင် မီးလောင်၍ ပိတ်သွားသည့်စက်ရုံများမှလွဲ၍ ကျန်ရှိနေသည့် စက်ရုံများမှ အထည်ချုပ်လုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်လည်ပတ်လျက်ရှိ။
- ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုလျော့နည်းလာသည့်အတွက် အထည်ချုပ်လုပ်ငန်းမှ အော်ဒါရရှိမှု ယခင်နှစ်ထက် ပိုမိုများပြားလာ။
- လှိုင်သာယာစက်မှုဇုန်အပါအဝင် စက်မှုဇုန်ပေါင်း ၂၉ ခုရှိကာ အထည်ချုပ်လုပ်ငန်းများနှင့် ဆက်စပ်နေသည့်လုပ်ငန်းများမှ လုပ်သားဦးရေစုစုပေါင်းမှာ ၈၀၀,၀၀၀ ဝန်းကျင်ရှိ။